**ဗဟိုကော်မတီ**

**ကချင်အထူးဒေသ (၂)၊ ကေအိုင်အို**

# ထုတ်ပြန်ကြေညာချက်

၁။ ကေအိုင်အို၏ခံယူချက်နှင့် ပန်းတိုင်သည်နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူလူထု၌ အချုပ်အခြာအာဏာတည်၍ အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ်ဖြင့် တည်ရှိနိုင်ရန် ရည်ရွယ်သည်။

၂။ ကေအိုင်အိုသည် ငြိမ်းချမ်းမှုရရှိရန်ရည်မျှော်၍ နိုင်ငံတော်အစိုးရအဆက်ဆက်နှင့် အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။ ၂၀၀၉ ခုနှစ်၊ ဧပြီလ (၂၈)ရက်မှစတင်ခဲ့သော ညှိနှိုင်းဆွေးနွေးမှုများကိုလည်း ဆက်လက်လုပ်ဆောင်လျက်ရှိပါသည်။

၃။ ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄) ရက်၌ ကေအိုင်အိုနှင့် နဝတအစိုးရတို့ ရေးထိုးခဲ့သော အပစ်အခတ်ရပ်ဆိုင်းရေးသဘောတူညီချက်ကို အခြေခံ၍ ခိုင်မာသော ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန် လိုလားပါသည်။

၄။ ခိုင်မာသော ထာဝရငြိမ်းချမ်းရေး ရရှိနိုင်ရန် မျှော်လင့်သောကြောင့် ကေအိုင်အိုအနေဖြင့် –

(က) ပြည်ထောင်စုနိုင်ငံမှ ခွဲထွက်မည့်လမ်းစဉ်ကို စွန့်လွှတ်ပြီး ကချင်အမျိုးသား ခေါင်းဆောင်များနှင့် အခြားတိုင်းရင်းသား ခေါင်းဆောင်များ ၁၉၄၇ ခုနှစ် ပင်လုံတွင် သဘောတူခဲ့သော ပင်လုံကတိကဝတ်နှင့် ပင်လုံစာချုပ်တွင်ပါရှိသော အချက်အလက်များကို အခြေခံသည့် စစ်မှန်သော ဒီမိုကရေစီ ပြည်ထောင်စုတွင် တန်းတူညီမျှမှုဖြင့် အတူတကွ ယှဉ်တွဲနေထိုင်သွားမည်။

(ခ) နိုင်ငံတော်အစိုးရ အဆက်ဆက်များနှင့် ဆွေးနွေးညှိနှိုင်းခဲ့သည့်နည်းတူ ဆက်လက်၍လည်း ဆွေးနွေးညှိနှိုင်းသော လမ်းစဉ်ကိုအခြေခံပြီး ခိုင်မာသော ထာဝရငြိမ်းချမ်းရေး ရရှိအောင် ဆောင်ရွက်သွားမည်။

(ဂ) ကေအိုင်အေနှင့် အခြားဌါနများကိုလည်း အထက်ပါအပိုဒ် (၄) – (က၊ ခ) တွင် ဖေါ်ပြထားသော မူဝါဒများကို အခြေခံ၍ လိုအပ်သလိုပြင်ဆင်ဖွဲ့စည်းသွားမည်။

၅။ ကေအိုင်အိုသည် နိုင်ငံတော်မှ ကျင်းပရန်စီစဉ်လျက်ရှိသော ရွေးကောက်ပွဲအား လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်ရန် လိုလားသည်။

၆။ ကေအိုင်အိုသည် ခိုင်မာ၍ငြိမ်းချမ်းသော စစ်မှန်သည့်ဒီမိုကရေစီ ပြည်ထောင်စုကြီး ဖြစ်ပေါ်လာရန် ရည်မှန်းချက်ရှိသူများ အားလုံးနှင့် လက်တွဲဆောင်ရွက်သွားမည်။

နေ့စွဲ။ ။ ၂၀၁၀ ခုနှစ်၊ ဩဂုတ်လ (၃၀) ရက်။